# BE A FORCE FOR GOOD



ယခု စုဆောင်းနေပါသည်

## ရဲအရာရှိ

ရဲအရာရှိသည် ထွေပြားခြားနားမှုရှိပြီး စိန်ခေါ်မှုရှိသော တာဝန်များကို ထမ်းဆောင်ပါသည်။ ရဲတပ်ဖွဲ့သည် အသက် နှင့် ဥစ္စာပစ္စည်းကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ပြစ်မှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်ပြီး ဖမ်းဆီးခြင်း နှင့် အကူအညီလိုအပ်နေကြသူများအား ကူညီဆောင်ရွက်ပေးခြင်းတို့ကို လုပ်ကိုင်ပေးပါသည်။

သင့်အား ရဲသားအဖြစ် စုဆောင်းသည့် ပဏာမအဆင့် လေ့ကျင့်ရေးသင့်တန်းကို သင်တက်ပြီးနောက်၊ သင့် အသက်မွေးဝမ်းကျောင်းသည် Victoria Police နှင့် အစမ်းခန့် ရဲသားအဖြစ် စတင်ပါတော့သည်။ သင်၏ အထွေထွေ အလုပ်တာဝန်ခံ ရဲအရာရှိ ရာထူးကို အတည်မပြုပေးမီ၊ သင် လေ့ကျင့်ရေးသင့်တန်း၌ လေ့လာသင်ကြားခဲ့ရာများကို စုစည်းခိုင်မာစေပြီး၊ အတွေ့အကြုံများကိုလည်း ရရှိရန်အတွက်၊ ယင်းတာဝန်ကဏ္ဍ၌ ၂ နှစ်ကြာအလုပ်လုပ်ရပါမည်။

အထွေထွေ တာဝန်များဆိုင်ရာ အရာရှိများသည် သတင်းပို့ခံရသော မည်သည့် မှုခင်းဖြစ်သည့်နေရာသို့မဆို သို့မဟုတ် ပြည်သူလူထု၏ မည်သည့်လိုအပ်မှုအတွက်မဆို ဦးဦးဖျားဖျား ရောက်လာကြခြင်းအားဖြင့် ဗစ်တိုးရီးယား လူမှုအဖွဲ့အစည်းအား တစ်ရက်တွင် ၂၄ နာရီလုံး၊ တစ်ပတ်တွင် ၇ ရက်လုံး၊ ဝန်ဆောင်မှု ပေးကြပါသည်။

Victoria Police အဖွဲ့ဝင်အများစုသည် အထွေထွေ တာဝန်များဆိုင်ရာ ရဲအရာရှိများအဖြစ် အလုပ်လုပ်ကြပါသည်။ သို့သော်လည်း နောက်ထပ်ရှေ့ဆက် လေ့ကျင့်ရေးသင်တန်းတက်ရန် လိုအပ်သော အထူးကျွမ်းကျင်မှုရှိရသည့် အပိုင်းကဏ္ဍများလည်း အမြောက်အမြားရှိပြီး၊ အထွေထွေ အလုပ်တာဝန်များကို အများအားဖြင့် အနည်းဆုံး နှစ်နှစ်မှ လေးနှစ်ကြာ အတွေ့အကြုံ မရှိမဖြစ် ရှိရမည့် ကြိုတင်လိုအပ်ချက်ရှိပါသည်။

VICTORIA State Government

VICTORIA POLICE

# အထွေထွေ အလုပ်တာဝန်ခံ ရဲအရာရှိက ဘာလုပ်သနည်း

အထွေထွေ အလုပ်တာဝန်ခံ ရဲအရာရှိတစ်ဦးအဖြစ် သင်သည် အောက်ပါစာရင်းတွင်ပါသော အချို့ကိစ္စရပ်များကို ကိုင်တွယ်စီမံပေးရနိုင်ဖွယ်ရှိပါမည်။

- ဗရမ်းဗတာ အပြုအမူများကို တားဆီးခြင်း
- လူမှုအဖွဲ့အစည်း လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းပေးခြင်း
- အငြင်းပွားမှုများကို ပြေလည်အောင် ဖြေရှင်းပေးခြင်း
- မတော်တဆဖြစ်ပွားမှုများသို့ လာရောက်ခြင်း
- ပြစ်မှုများကို စုံစမ်းစစ်ဆေးခြင်း
- ယာဉ်အသွားအလာ ဥပဒေများကို အာဏာတည်စေခြင်း
- မူးယစ်ဆေး နှင့် အရက် သုံးစွဲထားကြသူများအား ကိုင်တွယ်စီမံပေးခြင်း
- သေရေးရှင်ရေး အရေးအခင်းများ နှင့် အရေးပေါ်ကိစ္စများသို့ လာရောက်ခြင်း

သင် သွားရောက်ရသော အရေးအခင်းများ အများစုနှင့် ပတ်သက်ပြီး ရုံးစာလုပ်ငန်းကို သင့်အနေနှင့် လုပ်ကိုင်ရန် လိုအပ်ပါသည်။ ၎င်းတွင် အဆိုင်းတစ်ခုစီ၌ သင်ထမ်းဆောင်ရသည့် တာဝန်များ၏ ထားနေရမြဲ မှတ်တမ်းဖြစ်သော လက်ငင်း လုပ်ဆောင်နေချက် စာစောင်တစ်ခုကို ထားရှိခြင်းအပါအဝင်ဖြစ်ပါသည်။ သင်သည် တရားရုံးအတွက် ရုံးစာလုပ်ငန်းကို အသင့်ပြင်ရန်လည်း လိုအပ်လိမ့်မည်ဖြစ်ပြီး၊ သင့်အနေနှင့် သက်သေထွက်ဆိုရန် နောက်ဆက်တွဲ တရားရုံး ကြားနာမှုများသို့ တက်ရောက်ရန်လည်း လိုအပ်ပါလိမ့်မည်။

# ရဲအရာရှိတစ်ဦးဖြစ်လာရန် ကျွန်ုပ်အရည်အချင်းပြည့်မီသလား

Victoria Police အတွက် ရဲအရာရှိတစ်ဦးအဖြစ် အလုပ်လုပ်နိုင်ရေးအတွက် အရည်အချင်းပြည့်မီရန်၊ သင့်အနေနှင့် အောက်ပါ ဝင်ခွင့်လိုအပ်ချက်များဖြင့် မဖြစ်မနေ ကိုက်ညီမှု ရှိရပါမည်။

## ဩစတြေးလျား နိုင်ငံသားလက်မှတ် ကိုင်ဆောင်ထားရမည် သို့မဟုတ် ဩစတြေးလျားနိုင်ငံတွင် အမြဲတမ်းအတွက် နေထိုင်ခွင့် ရထားသူဖြစ်ရမည်

## အကျင့်ကောင်း နှင့် နံမည်ကောင်းရှိခြင်းကို လက်တွေ့သက်သေထူနိုင်ရမည်

Victoria Police သည် ရဲဝန်ထမ်း စုဆောင်းရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်နေစဉ်အတောအတွင်း လျှောက်လွှာရှင် များ၏ နောက်ခံအကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် စေ့စေ့စပ်စပ် စစ်ဆေးပါသည်။ Victoria Police ၏ အလျင်က ကိုယ်ရေးအကြောင်းအရာများ လမ်းညွှန်နှင့် ပတ်သက်ပြီး၊ ပိုမိုသိကောင်းစရာ အချက်အလက်များအတွက် http://www.policecareer.vic.gov.au/police/forms-police ၌ကြည့်ပါ။

**မှတ်ချက်။ အကယ်၍သင်သည် သင်၏ အလျင်က ကိုယ်ရေးအကြောင်းအရာများ သင့်လျှောက်လွှာအပေါ် ထိခိုက်မှုရှိကောင်းရှိနိုင်မည်ဟု စိုးရိမ်ပါက၊ သင်သည် လျှောက်လွှာမတင်မီ၊ Victoria Police ဝန်ထမ်း စုဆောင်းရေးဌာနစိတ်သို့ မိမိသဘောအလျောက် ဖွင့်ဟချက်ပုံစံကို တင်ပြနိုင်ပါသည်။ ယင်းပုံစံက: http://www.policecareer.vic.gov.au/police/forms-police မှ ဒေါင်းလုပ် လုပ်ယူပါ။**

## အနိမ့်ဆုံး ဆေးစစ်မှု လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရမည်

သက်ဆိုင်ရာ အပိုင်းကဏ္ဍမှ ဝင်ရောက်ပြီး တာဝန်ထမ်းဆောင်နိုင်ရန်အလို့ငှာ Victoria Police ဆေးပိုင်းဆိုင်ရာ မူဝါဒနှင့်အညီ သင့်အနေနှင့် အနိမ့်ဆုံးအဆင့် ဆေးစစ်မှု လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်ပါလိမ့်မည်။ Victoria Police ဆေးစစ်မှုဆိုင်ရာ လမ်းညွှန်နှင့် ပတ်သက်ပြီး ပိုမိုသိကောင်းစရာ အချက်အလက်များအတွက် http://www.policecareer.vic.gov.au/police/forms-police

**မှတ်ချက်။ အကယ်၍သင်သည် သင့်ထံ၌ ရှိနေပြီးသား ဆေးပိုင်းဆိုင်ရာ ပြဿနာတစ်ခုခုက သင့်လျှောက်လွှာအပေါ် ထိခိုက်မှုရှိကောင်းရှိနိုင်မည်ဟု စိုးရိမ်ပါက၊ သင်သည် လျှောက်လွှာမတင်မီ၊ ယင်းအကြောင်းကို ချင့်တွက်ရန်အတွက် Victoria Police ဆေးပိုင်းဆိုင်ရာ အကြံပေးဌာနစိတ်သို့ "ဆေးပိုင်းဆိုင်ရာ ပြဿနာအား ပဏာမ စုံစမ်းရေး" ပုံစံကို တင်ပြနိုင်ပါသည်။ ယင်းပုံစံကို http://www.policecareer.vic.gov.au/police/forms-police**

## အင်္ဂလိပ်ဘာသာစကားဖြင့် ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုဆက်သွယ်နိုင်မှုကို လက်တွေ့သက်သေထူနိုင်ရမည်

လျှောက်လွှာရှင်တစ်ဦးအဖြစ် သင့်အနေနှင့် သက်သေထူရန် လိုအပ်လိမ့်မည့် အဓိကကျွမ်းကျင်မှုတစ်ခုမှာ သင့်ထံ၌ အင်္ဂလိပ်ဘာသာစကားဖြင့် ကောင်းမွန်စွာ ပြောဆိုဆက်သွယ်နိုင်စွမ်းရှိခြင်းဖြစ်ပါသည်။ ၎င်း၏ဆိုလိုရင်းမှာ အလုပ်လုပ်ကိုင်နေစဉ် မိမိတာဝန်များကို အရည်အချင်းရှိရှိ ထမ်းဆောင်နိုင်စွမ်းရှိရန် သင့်ထံ၌ ထိုက်သင့်သော အဆင့်အတန်းရှိသည့် အင်္ဂလိပ်ဘာသာစကားဖြင့် ဖတ်ရန်၊ ရေးရန်၊ နားထောင်ရန် နှင့် နှုတ်အရ ပြောဆိုဆက်သွယ်နိုင်ရန် အစွမ်းအစရှိရပါမည်။

**မှတ်ချက်။ Victoria Police သည် အများပြည်သူတစ်ဦးဦးနှင့် ၎င်း၏ ဇာတိဘာသာစကားဖြင့် စကားပြောဆိုနိုင်စွမ်းရှိသည့် ဘာသာစကားနှစ်မျိုး တတ်ကျွမ်းကြသူများအားလည်း အထူးစိတ်ဝင်စားမှုရှိပါသည်။**

## အကယ်၍ အသက် ၂၁ နှစ်အောက်အရွယ်ရှိလျှင်၊ ပညာရေးဆိုင်ရာ အရည်အချင်းများကို သက်သေပြရမည်

ရဲဖြစ်ရန်အတွက် လျှောက်လွှာရှင်များသည် မရှိမနေ အသက် ၁၈ နှစ်ရှိရမည်။ အကယ်၍သင်သည် အသက် ၂၁ နှစ်အောက်ရှိပါက၊ လျှောက်လွှာမတင်မီ သင့်အနေနှင့် Victorian Certificate of Education (VCE)၊ Victorian Certificate of Applied Learning (VCAL) အကြီးတန်းအဆင့်၊ သို့မဟုတ် ၎င်းနှင့် အဆင့်တူ အောင်လက်မှတ် ရှိထားပြီးသားဖြစ်ရမည်။

## ဗစ်တိုးရီးယား ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားရမည်

လျှောက်လွှာတင်ချိန်တွင် သင့်ထံ၌ သက်တမ်းရှိဆဲ ဩစတြေးလျား ယာဉ်မောင်းလိုင်စင် မရှိမနေ ရှိရပါမည်။ (လက်ထိုး သို့မဟုတ် အလိုအလျောက်ထိုး ဂီယာ လိုင်စင်ရှိလျှင် လက်ခံသည်)။

## ရဲအရာရှိတစ်ဦးဖြစ်လာရန် လျှောက်လွှာမတင်မီ အရေးကြီးသော မည်သည့် အချက်အလက်များကို ကျွန်ုပ်အနေနှင့် ထည့်သွင်းစဉ်းစားသင့်သနည်း

- Victoria Police အနေနှင့် ဗစ်တိုးရီးယား လူမှုအဖွဲ့အစည်း၏ လိုအပ်ချက်များကို တစ်ရက်လျှင် ၂၄ နာရီလုံး၊ တစ်ပတ်တွင် ၇ ရက်လုံး၊ တုံ့ပြန်၍ ဝန်ဆောင်မှုပေးနိုင်စွမ်းရှိရန်အတွက်၊ သင်သည် အဆိုင်းမျိုးစုံအရတစ်လျှောက် နှစ်ပတ်တွင် နာရီပေါင်း ၈၀ အလုပ်လုပ်ရပါလိမ့်မည်။
- သင်၏ အသက်မွေးဝမ်းကျောင်းအလုပ် စတင်ချိန်၌ Victoria Police က ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း ဗစ်က်တိုးရီယားပြည်နယ်အတွင်း မည်သည့် တည်နေရာ၌မဆို၊ သင့်အနေနှင့် တာဝန်ထမ်းဆောင်ရန် လိုအပ်ဖွယ်ရှိမည်။
- သင့်အနေနှင့် ပဋိပက္ခ အခြေအနေများ၊ အကြမ်းဖက် ပြစ်မှုကျူးလွန်သူများ၊ အရက် နှင့် မူးယစ်ဆေးဝါး ယစ်မူးနေကြသူများတို့နှင့် ထိတွေ့မှုရှိလိမ့်မည်။
- ပြည်နယ်၏ ဥပဒေများကို ထိန်းသိမ်းရန် သင်၏ ကိုယ်ရေးကိုယ်တာ၊ ဘာသာရေး နှင့် နိုင်ငံရေးတို့နှင့် စပ်ဆိုင်ရာ ရှုမြင်ချက်များကို သင့်အနေနှင့် ဘေးချိတ်ထားရန် သင့်အပေါ်၌ မျှော်မှန်းချက်ထားရှိပါလိမ့်မည်။
- သေနတ်ကိုင်ဆောင်ရန် လိုအပ်ပါလိမ့်မည်။
- သင်၏ အလုပ်တာဝန်အချိန် နှင့် အလုပ်တာဝန်ပြင်ပအချိန်တို့တွင် သင်၏ ပြုမူကျင့်ကြံမှုမှာ အဆင့်အတန်း မြင့်မားမှု မရှိမနေ ရှိရမည်ဖြစ်ပြီး Victoria Police ၏ စံတန်ဖိုးများကို ရောင်ပြန်ဟပ်စေရမည်။
- သင်သည် ရဲသင်တန်းသို့ စ၍ မတက်မီ ရှေးဦးသူနာပြု အောင်လက်မှတ်ကို ရှိထားရန် လိုအပ်လိမ့်မည်။ ထိုအောင်လက်မှတ်သည် သင့်အတွက် ရဲသင်တန်း တက်ရန်နှင့် အလုပ်စတင်လုပ်သည့် ပထမနှစ်တို့အတွက် လုံလောက်သည်။

## ရဲအရာရှိတစ်ဦးဖြစ်လာရန် လျှောက်လွှာတင်ရမည့် လုပ်ငန်းစဉ်မှာ မည်သို့နည်း

သင့်အား Victoria Police က အလုပ်ခန့်ရန် မရွေးချယ်မီ၊ သင်သည် လျှောက်လွှာရှင်တစ်ဦးအဖြစ်၊ အောက်ပါအဆင့်များကို တစ်ဆင့်ပြီးတစ်ဆင့် ကျော်လွှားအောင်မြင်ရန် လိုအပ်ပါလိမ့်မည်:

| | |
|---|---|
| **အဆင့် ၁** | www.policecareer.vic.gov.au/police မှတဆင့် အွန်လိုင်း လျှောက်လွှာကို တင်ရမည်။ |
| **အဆင့် ၂** | အရည်အချင်းပြည့်မီခြင်း ရှိ/မရှိကို စစ်ဆေးမှုများ |
| **အဆင့် ၃** | ဝင်ခွင့် စာမေးပွဲ |
| **အဆင့် ၄** | နောက်ခံအကြောင်း စစ်ဆေးမှုများ |
| **အဆင့် ၅** | ကျန်းမာသန်စွမ်းခြင်း ရှိ/မရှိကို စမ်းသပ်မှု |
| **အဆင့် ၆** | စိတ်ပိုင်းကျန်းမာရေးဆိုင်ရာ စမ်းသပ်မှု |
| **အဆင့် ၇** | ကျန်းမာရေးပိုင်းဆိုင်ရာ စစ်ဆေးမှုများ |
| **အဆင့် ၈** | ဘက်စုံ စစ်ဆေးမှုများ |
| **အဆင့် ၉** | အဖွဲ့ဝင် လူကြီးများရှေ့မှောက် လူတွေ့မေးမြန်းခြင်း |

# ရဲအရာရှိတစ်ဦး၏ လခ နှင့် အကျိုးခံစားခွင့်များမှာ အဘယ်နည်း

- သင်တန်းကျောင်း၌ သင်တန်းတက်သည့် ပထမဆုံးနေ့မှစတင်ပြီး အများနည်းတူကောင်းသော အခြေခံ လစာ
- အခြေခံ လစာအပြင် နှစ်စဉ် လခတိုးပေးခြင်းများ နှင့် အပိုဆောင်း အဆိုင်းကြေးများ
- ရက်ရောစွာ ပေးသည့် အငြိမ်းစားရန်ပုံငွေ စီမံချက်များ
- နှစ်စဉ် ၉ ပတ် ခွင့်
- ကာကွယ်ရေးတပ်ဖွဲ့ဆိုင်ရာ ခွင့်၊ မီးဖွားခြင်းဆိုင်ရာ မိခင်/ဖခင်ခွင့်၊ ပညာသင်ခြင်းဆိုင်ရာ ခွင့်၊ သက်တမ်းရှည် ဝန်ထမ်းခွင့်
- ရဲဝတ်စုံများ ပံ့ပိုးပေးသည်
- အလုပ် အာမခံချက်ရှိသည်
- သင်၏ လုပ်ငန်းသက်တစ်လျှောက်လုံးတွင် ပညာဆက်လက် သင်ယူရေး နှင့် ဆက်လက်ဖွံ့ဖြိုးရေးတို့အတွက် အခွင့်အရေးများရှိမည်

# ရဲအရာရှိတစ်ဦးအဖြစ် မည်သည့် လေ့ကျင့်မှုသင်တန်းများကို ကျွန်ုပ် တက်နိုင်မည်နည်း

သင် Victoria Police ၌ လုပ်ကိုင်သည့် ပထမ ၂ နှစ်နှင့် ၁၂ ပတ်တွင် သင်၏ ပဏာမ လေ့ကျင့်ရေးသင်တန်း အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်မည်:

| | |
|---|---|
| **အပတ် ၁ မှ ၁၂ အထိ၊** | သင်တန်းကျောင်း၌ သင်၏ ပထမအပတ်သည် ရဲသားများအဖြစ် စုဆောင်းသူများအား Victoria Police အဖွဲ့အစည်းနှင့် အကျွမ်းဝင်စေရန်အတွက် လုံးဝရည်စူးထားသော အလုပ်သွင်းသည့်အပတ်ဖြစ်သည်။<br><br>သင်တန်းကျောင်း၌ ဥပဒေ၊ ဆက်ဆံပြောဆိုမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ စစ်ရေးပြ လေ့ကျင့်မှု၊ (သေနတ် ကိုင်တွယ်အသုံးပြုခြင်း အပါအဝင်) လုပ်ငန်းလည်ပတ်မှုတွင် ဘေးကင်းလုံခြုံမှု၊ လူမှုအသိုင်းအဝန်းနှင့် လုပ်ကိုင်ဆက်ဆံမှု တို့နှင့်ပတ်သက်သည့် လေ့ကျင့်ရေးသင်တန်းများဖြင့် စတင်မည်။<br><br>သင်သည် ၁၂ ပတ်အဆုံး၌ POL50115 Diploma of Policing (ရဲလုပ်ငန်း ဒီပလိုမာလက်မှတ်) သင်တန်း ကို စတင်တက်သည့်အခါတွင် သစ္စာဆိုရမည်။ |
| **အပတ် ၁၃ မှ ၃၁ အထိ၊** | သင်တန်းကျောင်း၌ လေ့ကျင့်မှုများကို ဆက်လက်လုပ်နေခိုက် ရဲစခန်းတစ်ခု၌ တာဝန်များကို ထမ်းဆောင်ရမည့်အပြင်၊ လူထု ငြိမ်ဝပ်ပိပြားမှု တုံ့ပြန်ရေးသင်တန်းကို တက်ရပြီး မိသားစုအတွင်း အကြမ်းဖက်သည့် အရေးအခင်းများသို့ သွားသော ဌာနပိုင်းဆိုင်ရာ ယာဉ်များတွင်လည်း လုပ်ကိုင်ရမည်။<br><br>သင်၏ ပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ နှင့် အတွေ့အကြုံများ ရင့်ကျက်တိုးပွားလာသည့်အလျောက်၊ သင်၏ တာဝန်ဝတ္တရားများသည်လည်း အချိန်ကြာလာသည်နှင့်အမျှ ကျယ်ပြောလာပါလိမ့်မည်။ |
| **အပတ် ၃၂ မှ ၅၂ အထိ၊** | သင်သည် ရဲစခန်းတစ်ခု၌ သင်တန်းလွန် နေရာချထားရေးနေရာတွင် လက်ဦးတုံ့ပြန်သူအဖြစ် တာဝန်ယူရမည်ဖြစ်ပြီး၊ အဝေးပြေးလမ်းမကြီး ပတ္တရောင် နှင့် RPDAS (လမ်းပိုင်းဆိုင်ရာ ရဲလုပ်ငန်း နှင့် အရက်ဌာန - အရက်သေစာ စစ်ဆေးရေး ဘတ်စ်ကား) အပါအဝင် လမ်းပိုင်းဆိုင်ရာ ရဲလုပ်ငန်း ဌာနစိတ်တွင် အချိန်ပေးရမည်ဖြစ်သည်။ |
| **အပတ် ၅၃ မှ ၁၁၆ အထိ၊** | သင်သည် ယာဉ်မောင်းလေ့ကျင့်ရေးသင်တန်းကို အပြီးသတ်ရလိမ့်မည်ဖြစ်ပြီး သင့်လက်ဝယ် ငွေရောင် ယာဉ်မောင်း လိုင်စင်ရလိမ့်မည်။<br><br>သင့်အား အလုပ်ခန့်အပ်ခြင်းကို အတည်ပြုပေးမည်ဖြစ်ပြီး၊ သင့်အား လေ့ကျင့်ရေး ရဲစခန်းတစ်ခု၌ နောက်ထပ် အလုပ်ခွင် တာဝန်ဝတ္တရားများကို အပြီးသတ် ဖြည့်ဆည်းပေးရန် အထွေထွေ တာဝန်ခံ ရဲအရာရှိအဖြစ် နေရာချပေးလိမ့်မည်။ |

ဤကာလ ကုန်ဆုံးသည့်နောက် အကယ်၍သင်သည် Diploma of Policing (ရဲလုပ်ငန်း ဒီပလိုမာ အောင်လက်မှတ်) အတွက် လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပြီးဖြစ်ပါက၊ သင့်အား ရဲသားတစ်ဦးအဖြစ် အတည်ပြုပေး၍ သင်သည် ဒီပလိုမာကို လက်ခံရရှိလိမ့်မည်။

ပဏာမ လေ့ကျင့်ရေးသင်တန်းသည် အစချီမှုသာဖြစ်ပါသည်။ Victoria Police အဖွဲ့ဝင်တစ်ဦးအဖြစ် သင်သည် သင့် လုပ်ငန်းသက်တစ်လျှောက်လုံးတွင် အလုပ်အကိုင်ဆိုင်ရာ သီးသန့် လေ့ကျင့်ရေးသင်တန်းများကို ဆက်လက်တက်သွားရပါလိမ့်မည်။

## နောက်ထပ်အချက်အလက်များလိုပါသလား။

ဤကြည့်ပါ။ www.policecareer.vic.gov.au/police

သို့မဟုတ် သင် စုံစမ်းမေးမြန်းရန် ပို့ရမည့် အီးမေးလ် လိပ်စာ။ rsbmarketing@police.vic.gov.au

သို့မဟုတ် ကျွန်ုပ်တို့အား (03) 9247 3212 ဖုန်းဆက်ပါ

VICTORIA POLICE

# နိုင်ငံရေးစိတ်ပညာ

EDITORIALS

PUBLISHED 20 JANUARY 2018

ပင်မသဘောအရ နိုင်ငံရေးစိတ်ပညာသည် သက်ဆိုင်ရာ နိုင်ငံရေးစနစ်တစ်ရပ်အတွင်း လူပုဂ္ဂိုလ်အသီးသီး၏ အပြုအမူများနှင့် သက်ဆိုင်သည်။ ရှုပ်ထွေးသော ဝန်းကျင်များအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ တင်းမာသောပဋိပက္ခများ၊ စစ်ပွဲများနှင့် နိုင်ငံများ သို့မဟုတ် နိုင်ငံများကိုကြီးစိုးသော အာဏာရနိုင်ငံရေးသမားများ၏ အခြားသော အပြုအမူအများစုတို့အား စိတ်ပညာသက်သက်ဖြင့် ရှင်းပြနိုင်မည်မဟုတ်ပါ။ လူပုဂ္ဂိုလ်အသီးသီးတို့သည် ဘာမျှမရှိသည့် လေဟာနယ်အတွင်း တစ်စုံတစ်ရာ ပြုမူနိုင်မည်မဟုတ်ပါ။ ၎င်းတို့၏ အပြုအမူများသည် နိုင်ငံရေးအင်စတီကျူးရှင်းများအရ၊ နိုင်ငံရေးဓလေ့ထုံးတမ်းများအရ၊ ခေါင်းဆောင်မှုသွင်ပြင်များအရနှင့် လူမှုရေး စံသတ်မှတ်ချက်များအရ ကွဲပြား ခြားနားမှုများကို တုံ့ပြန်ခြင်း သို့မဟုတ် ပတ်သက်ခြင်းနှင့် သက်ဆိုင်နေသည်။ စိတ်ပညာသည် နိုင်ငံတကာစနစ်များနှင့် ပတ်သက်သော သက်ဆိုင်ရာရှုထောင့်များ၊ နိုင်ငံတော်အစိုးရ အဖွဲ့များနှင့် ကွဲပြားခြားနားသော လူ့အဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံခြားရေးမူဝါဒအပြုအမူကို သြဇာလွှမ်းမိုးသည်။ အာဏာရှင်စနစ်များကို သုတေသနပြုရာ၌ နိုင်ငံရေးဆိုင်ရာ စိတ်ပညာကို စဉ်းစားကြည့်နိုင်သည်။ ၁၉၃၀ ပြည့်လွန်နှစ်များနှင့် ၁၉၄၀ ပြည့်လွန်နှစ်များအတွင်း သန်းနှင့်ချီသောလူများကို ဖိနှိပ်ကာ သတ်ဖြတ်ခဲ့သည့် ဖက်ဆစ်ခေါင်းဆောင်များအား ၎င်းတို့၏နိုင်ငံသားများက အဘယ့်ကြောင့် ထောက်ခံခဲ့ကြသနည်းဟူသည်ကို နားလည်ရန် ခေါင်းဆောင်များ၏အပြုအမူနှင့် နောက်လိုက်များ၏ အပြုအမူကို လေ့လာရန် လိုလာသည်။ ယင်းသည်ပင်လျှင် နိုင်ငံရေးစိတ်ပညာဖြစ်သည်။ ပုံမှန်အတိုင်းဆိုလျှင် အာဏာရှင် ဖြစ်နိုင်ခြေများရှိနေသော တစ်စုံတစ်ဦးသည် ဖက်ဆစ်အစိုးရလက်ထက် နည်းလမ်းအတိုင်း လစ်ဘရယ် ဒီမိုကရေစီစနစ်တစ်ရပ်အတွင်း ပြုမူလိမ့်မည်ဟု ယုံကြည်ရန် ခက်ခဲပေလိမ့်မည်။

လူပုဂ္ဂိုလ်အသီးသီး၏ စိတ္တဗေဒဆိုင်ရာ စုစုပေါင်း အရောအနှောကြီးနှင့် နိုင်ငံရေးဆိုင်ရာ ဆက်နွှယ်သိုင်းဝိုင်းနေသော အချက်များအားလုံးက အကြမ်းဖက်မှုအပေါ် လူထု၏ တုံ့ပြန်မှုကို ပုံသွင်းသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးမူဝါဒများအပေါ် လူထု၏ထောက်ခံ မှုသည် ခြိမ်းခြောက်ခံရသော အစိုးရတစ်ရပ်၏ တုံ့ပြန်လုပ်ဆောင်ပုံ၊ အကြမ်းဖက်မှုကို တိုက်ဖျက်ရာတွင် ကြိုတင်တွေးထင်ထားသည့် အစိုးရ၏ ကျွမ်းကျင်မှုနှင့် ထိရောက်မှုနှင့် နောင်အခါ ဖြစ်ပွားလာနိုင်သည့် အကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မိမိအနေဖြင့် သားကောင်ဖြစ်နိုင်ပုံကို လူတစ်ဦးအနေဖြင့် ခံစားရမှုတို့အပေါ်တွင် မူတည်နေသည်။ အစိုးရလုံခြုံရေးမူဝါဒ၏ ပြင်းအား သို့မဟုတ်

အကြမ်းဖက်သမားများ၏ ရည်မှန်းချက်များ နှင့် စွမ်းဆောင်ရည်များကဲ့သို့သော ပြင်ပအားများသည် အချိန်နှင့်အမျှ ပြောင်းလဲနေနိုင်ပြီး နိုင်ငံသားတစ်ဦးအနေဖြင့် အကြမ်းဖက်ဖြစ်ရပ်တစ်ခုကို တုံ့ပြန်ရာ၌ စိုးရိမ်သောကရောက်နေသလား သို့မဟုတ် ဒေါသထွက်နေသလားဟူသည်၏ သြဇာသက်ရောက်မှုကိုလည်း ခံရသည်။ အကြမ်းဖက်သမားများက အားကောင်းပြီး အစိုးရအဖွဲ့က အားနည်းပါက ခြိမ်း ခြောက်ခံရသည့် လူ့အဖွဲ့အစည်းတစ်ရပ်အကြား စိုးရိမ်သောကရောက်မှုများသာ ပျံ့နှံ့၍သွားလိမ့်မည်။ သို့မဟုတ် အစိုးရက အားကောင်းပြီး အကြမ်းဖက်သမားများက အားနည်းပါက ဒေါသထွက်မှုများက ပျံ့နှံ့၍သွားလိမ့်မည်။ ထို့ပြင် လူတိုင်းက ခြိမ်းခြောက်မှုကို တစ်ပုံစံတည်းအတိုင်း တုံ့ပြန်မည်မဟုတ်ဘဲ တစ်ဦးချင်းအလိုက် စိတ်ပိုင်းဆိုင်ရာအနေ အထားများက အကြမ်းဖက်မှုနှင့်ပတ်သက်၍ ဒေါသထွက်မည်လား သို့မဟုတ် စိုးရိမ်မည်လားကို ပြဋ္ဌာန်းရာ၌ အဓိကအနေဖြင့် ပါဝင်သည်။

မည်သို့ပင်ဆိုစေကာမူ အများပြည်သူနှင့်ဆိုင်သည့် နိုင်ငံရေးဆိုင်ရာမူဝါဒများချမှတ်ရာ၌ လူထု၏ ပျမ်းမျှစိတ်သဘောထားကို သိရှိနိုင်ရန် နိုင်ငံရေးစိတ်ပညာသည် အရေးကြီးပါကြောင်း The Daily Eleven သတင်းစာက ရေးသားအပ်ပါသည်။

**(ဇန်နဝါရီ ၂၀ ရက်ထုတ် The Daily Eleven သတင်းစာ၏ အယ်ဒီတာ့အာဘော်)**

# စိတ်ပညာအတွက် Paradigm ရှုန်းကန်

အစဉ်အလာအားဖြင့် စိတ်ပညာ၏လယ်ပြင်ပိုပြီးစစ်မြေပြင်နှင့်တူရှာဖွေနေခဲ့သည် သိပ္ပံနည်းကျအသိပညာ၏တဖြည်းဖြည်းတိုးပွားလာလယ်ပြင်ထက်။ ထိုတိုက်ပွဲတွင်ပါဝ င်ယှဉ်ပြိုင်သူများသည်ၡင်း၏တိုတောင်းသောသမိုင်းကြောင်းတစ်လျှ

## အကြောင်းအရာ:

- [တစ် ဦး ကသီအိုရီနှင့်လက်တွေ့စစ်မြေပြင်]
- [စိတ်ပညာ၏အမျိုးစုံရှုပ်ရုံကို]

အစဉ်အလာအားဖြင့် **စိတ်ပညာ၏လယ်ပြင်ပိုပြီးစစ်မြေပြင်နှင့်တူရှာဖွေနေခဲ့သည်** သိပ္ပံနည်းကျအသိပညာ၏တဖြည်းဖြည်းတိုးပွားလာလယ်ပြင်ထက်။ ထိုတိုက်ပွဲတွင်ပါဝ
င်ယှဉ်ပြိုင်သူများသည်၎င်း၏တိုတောင်းသောသမိုင်းကြောင်းတစ်လျှောက်မတူညီကြပါ။
နောက်ပြီးပြောရရင်တော့ယဉ်ကျေးမှုအစကတည်းကစိတ်ပညာဟာအမြဲတမ်းတည်ရှိနေခဲ့လို့ပါ။
ဒါပေမယ့်ဒီအသုံးအနှုန်းအောက်မှာအမြဲတမ်းထည့်သွင်းစဉ်းစားထားခြင်းမရှိသေးပါဘူး။

အပြုသဘောဆောင်သူများ၊ အပြုအမူများ၊ အပြုအမူများ၊ သိမြင်မှု၊ လူသားများ၊
စိတ်ဓာတ်ရေးရာလှုပ်ရှားသူများ၊
စိတ်ပိုင်းဆိုင်ရာဗဟုသုတ၏နောက်လိုက်များအကြားရုန်းကန်လှုပ်ရှားမှုသည်ကွဲပြားခြားနားသည်။
သို့သော်အယူအဆဆိုင်ရာသံသယမှကင်းလွတ်ခြင်းမရှိခဲ့ပါ။
တစ်စုံတစ်ရာပါရာဒိုင်း၏နောက်လိုက်များအခြားသူများ၏နောက်လိုက်များ၏ဖော်ပြချက်များသို့မဟုတ်ထည့်သွင်းစဉ်းစားခြင်းဖြင့်နှိုးဆွဖြစ်ကြောင်း။

EASTERN HONEYS Sexy Asian Women In Sydney Looking For Men Over 35
TEXT HER⟶

- ဆက်စပ်ဆောင်းပါး: "စိတ်ပညာ၏အဓိကရေစီးကြောင်း (၇) ခု"

# တစ် ဦး ကသီအိုရီနှင့်လက်တွေ့စစ်မြေပြင်

လတ်တလောမှာကျွန်တော့်ရဲ့နှိမ့်ချတဲ့ရှုထောင့်ကနေဘက်မလိုက်ဘက်မလိုက်ဘဲစောင့်ကြည့်လေ့လာသူအနေနဲ့ ကျွန်တော်ဟာမကြာသေးခင်ကလူအများစုပြိုင်ပွဲကိုမျက်မြင်ကိုယ်တွေ့မြင်နေရတာပါ။ **လူသား၏အမွေဆက်ခံချဉ်းကပ်မှုဆန့်ကျင်ဒါခေါ်သိမြင် - အပြုအမူ၏ချဉ်းကပ်မှုအကြား**ဆိုလိုသည်မှာအပြုသဘောစိတ်ပညာဖြစ်သည်။

စာရေးသူနှင့်စကင်နာကဲ့သို့သောသုတေသီများ၏ဂန္ထဝင်သိမြင်မှုနှင့်အပြုအမူဆိုင်ရာချဉ်းကပ်မှုနှင့်နှိုင်းယှဉ်လျှင် Seligman, Csikszentmihalyi, Dyer သို့မဟုတ် Davidson တို့၏ကာကွယ်ထားသောအပြုသဘောဆောင်သောချဉ်းကပ်မှုအားဝေဖန်သူများနှင့်ကျွန်ုပ်တွေ့ဆုံရန်မကြာခဏဖြစ်နိုင်သည်။ အခြားသူများအကြား Thorndike, အဲလစ်နှင့် Beck ။

၎င်းသည်တိုတောင်းသော circuit တစ်ခုအလားဆိုလျှင်အခြားချဉ်းကပ်မှုတစ်ခု၏အားသာချက်များနှင့် / သို့မဟုတ်ကန့်သတ်ချက်များအားအလျင်အမြန်ထောက်ပြရန်များစွာသောသူများသည်စိတ်ပညာနယ်ပယ်၏မတူညီသောရည်ရွယ်ချက်များကိုချဉ်းကပ်ရန်မှန်ကန်သောနည်းလမ်းနှင့် ပတ်သက်၍ သူတို့၏ခိုင်မာသောယုံကြည်မှုများကိုအတည်ပြုရန်ကြိုးစားခြင်း ။